ရက်စွဲ၊ – –

သို့

--------------------

--------------------

--------------------

# ဓမ္မဒါနပြုအပ်ပါသည်။

မှ

--------------------

--------------------

--------------------

## သက္ကပဉှဝတ္ထုတွင် မြတ်စွာဘုရားက သိကြားမင်းအား ဟောကြားတော်မူခဲ့သည့် ဂါထာတော်

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**
**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊
တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။
တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

**(ခုဒ္ဒကပါဌပါဠိတော်၊ နှာ-၆၄။ ခုဒ္ဒကပါဌပါဠိတော်မြန်မာပြန်၊ နှာ-၆၀)**

## အိန္ဒိယနိုင်ငံမှလာ၍ သီရိလင်္ကာနိုင်ငံတွင် အဋ္ဌကထာကျမ်းမြတ်ကြီး ကျမ်းပြုတော်မူသော အရှင်မဟာဗုဒ္ဓဃောသ၏ ဩဝါဒမြွက်ကြားချက်

“စကြဝဠာအပြည့် ထိုင်နေတော်မူသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား ပစ္စည်းလေးပါး ဒါယကာအဖြစ် ကပ်လှူပူဇော်ရခြင်းထက် ၄-ပါဒမျှရှိသော ဗုဒ္ဓ၏တရားတော်မြတ် တစ်ကြောင်း၊ တစ်ဂါထာ၊ တစ်ပိုဒ်ကို သင်အံ၊ လေ့ကျက်၊ ပို့ချ၊ ဆွေးနွေး၊ ဟောပြော၊ ဖြန့်ဝေခြင်းက ပို၍မြတ်၏”ဟု အရှင်မဟာဗုဒ္ဓဃောသသည် “သက္ကပဉှဝတ္ထု”တွင် ဖွင့်ဆိုမိန့်ကြားတော်မူခဲ့ပါသည်။

**(ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ-၃၅၂)**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

# ခင်ပွန်းကြီး (၁၀) ပါး ကန်တော့နည်း

# နှင့်

# ခင်ပွန်းကြီး (၁၀) ပါး အဓိပ္ပာယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၆၇ ကောဇာ - ၁၃၈၅ ခရစ် - ၂၀၂၄

စာအုပ်တန်ဖိုး – ၁၉၀၀ ကျပ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၌
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

# ခင်ပွန်းကြီး (၁၀)ပါး ကန်တော့နည်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | [ ဂ ] |
| ၂။ | တိုက်တွန်းလွှာ | [ စ ] |
| ၃။ | ကန်တော့ရန်အစီအစဉ် | [ ဈ ] |
| ၄။ | စိန်ရောင်ခြည်ဘုရားပင့် | ၁ |
| ၅။ | ငါးပါးသီလခံယူဆောက်တည်ခြင်း | ၃ |
| ၆။ | နတ်များကို ဖိတ်မန္တကပြုခြင်း | ၅ |
| ၇။ | ခင်ပွန်းကြီး (၁၀)ပါး ပါဠိ–အနက် | ၇ |
| ၈။ | ခင်ပွန်းကြီး (၁၀)ပါး | ၈ |
| ၉။ | ခင်ပွန်းကြီး (၁၀)ပါး အဓိပ္ပာယ် | ၉ |
| ၁၀။ | အကျိုး (၁၀) ပါး | ၁၃ |
| ၁၁။ | ဒဏ် (၁၀)ပါး | ၁၄ |
| ၁၂။ | ခင်ပွန်းကြီး (၁၀)ပါး တစ်ပါးချင်း ကန်တော့တောင်းပန်နည်း | ၁၆ |
| ၁၃။ | ခင်ပွန်းကြီး (၁၀)ပါး စုပေါင်း၍ ကန်တော့တောင်းပန်နည်း | ၂၄ |
| ၁၄။ | အခြားသူများအား ခွင့်လွှတ်ခြင်း | ၂၅ |
| ၁၅။ | မေတ္တာပွားနည်း (၁၁) နည်း | ၂၆ |
| ၁၆။ | အမျှဝေ | ၂၈ |
| ၁၇။ | ဆုတောင်းပါဠိနှင့်နိဿယ | ၂၉ |
| ၁၈။ | နတ်ပြဟ္မာများအားပြန်ပို့ရန်ဂါထာ | ၃၀ |
| ၁၉။ | နှုိးဆော်ပန်ကြားလွှာ | ၃၂ |

# နိဒါန်း

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများသည် ဗုဒ္ဓစာပေမှလာသော ဗုဒ္ဓစာပေနှင့်နွှယ်သော အရာများပင်ဖြစ်ပါသည်။ ရှေးရှေးမင်းကောင်းမင်းမြတ်များမှအစ လူကြီးသူမ အားလုံးတို့သည် ရှေးရှေးဆရာတော် သံဃာတော်တို့၏ ဆိုဆုံးမ လမ်းညွှန်ပြသမှုကို ခံယူပြီး လိုက်နာကျင့်သုံးခဲ့ကြသည်။ ဆရာတော် သံဃာတော်တို့၏ ဆိုဆုံးမ လမ်းညွှန်ပေးမှုသည် ကလေးသူငယ်အထိ အောင်မြင် ပေါက်ရောက်လေသည်။ ကလေးသူငယ်ဘဝကပင် ရတနာ(၃)ပါး၊ အနန္တော အနန္တ(၅)ပါး၊ ခင်ပွန်းကြီး(၁၀)ပါး စသည်အားဖြင့် ဂုဏ်ရည်ကြီးမြင့် မပြစ်မှားသင့်သော ပုဂ္ဂိုလ်တို့၏အကြောင်းကို သိရှိနားလည်ကြသည်။ ထို့ကြောင့် ရှေးအခါ၌ ကလေးသူငယ်တို့ကအစ ဘာသာရေးအဆုံးအမ ဘာသာရေးအမြင် သိရှိကြသဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်နေစိတ်ထား နူးညံ့သိမ်မွေ့ကြသည်။

ယနေ့ခေတ်ကာလမှာတော့ ရှေးနှင့်မတူ ဘာသာရေးအဆုံးအမ ဘာသာရေးအမြင် အားနည်းလာသည်။ ကလေးသူငယ်တို့သည်လည်း ဘုန်းတော်ကြီးကျောင်းများတွင် အများစုမရှိကြတော့ဘဲ လောကီအတန်းကျောင်းနှင့် ကျောင်းပိတ်ရက်ရှည်တို့၌ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ အခြေခံဗုဒ္ဓဘာသာစာပေသင်မှု မရှိသလောက် ရှားပါးလာသည်။ ထို့ကြောင့် သူငယ်ဘဝမှ ကြီးရင့်လာသော ထိုသူတို့သည် ဘာသာရေးအခြေခံ အားနည်းလာကြသည်။ အားနည်းလာသည့်အလျောက် အကြောင်းအကျိုး အကောင်းအဆိုး မဝေဖန်နိုင်ဘဲ မပြစ်မှားသင့်သော ပုဂ္ဂိုလ်တို့အား ပြစ်မှားမိတတ်ကြသည်။ ပြစ်မှားမိသဖြင့်လည်း အပြစ်ဒဏ်များ ခံကြရကာ မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်ပြီး ဘဝတက်လမ်းများ နှောင့်နှေးကြန့်ကြာ ပိတ်မိနေကြသည်။ ထို့ကြောင့် မပြစ်မှားသင့်သော ပုဂ္ဂိုလ်တို့ကို သိထားဖို့ လိုအပ်ပါသည်။

ထို့မပြစ်မှားသင့်သောပုဂ္ဂိုလ်တို့ကား ခင်ပွန်းကြီး(၁၀)ပါးပင် ဖြစ်ပါသည်။ ခင်ပွန်းဆိုသည်မှာ ကျေးဇူးများသူ ကျေးဇူးရှိသူဟု ဆိုလိုပါသည်။ ထို့ကြောင့် ခင်ပွန်းကြီး(၁၀)ပါးကို ကျေးဇူးရှင်ကြီး(၁၀)ပါးဟုလည်း ခေါ်ဆိုကြသည်။ မပြစ်မှားသင့်သူ ကျေးဇူးရှိသူတို့အပေါ်၌ ကျေးဇူးဆပ်ကြရမည်မှာလည်း ဓမ္မတာ ဖြစ်ပါသည်။ သစ်တစ်ပင်အောက်၌ ခေတ္တခဏ အနားယူအပန်းဖြေ အိပ်စက်

ခဲ့လျှင် ထိုသစ်ပင်၏ အကိုင်းအခက်ကို မချိုးကောင်း မဖျက်ဆီးကောင်းပါ၊ အကယ်၍ ချိုးဖျက်ဆီးမိလျှင် သူယုတ်မာ စာရင်းဝင်သွားပါသည်။ သက်မဲ့ သစ်ပင်တောင် မဖျက်ဆီးကောင်းလျှင် ဂုဏ်ကျေးဇူးကြီးမားသော ပုဂ္ဂိုလ်တို့ကို ကား အဘယ်မှာ ပြစ်မှားအံ့နည်း၊ မပြစ်မှားကောင်းသည်သာ။

## ခင်ပွန်းကြီး(၁၀)ပါး ဘုရားဟောလော?

ဤနေရာ၌ ခင်ပွန်းကြီး(၁၀)ပါး ဘုရားဟောလော?ဟု စစ်တမ်းထုတ်ခဲ့ သော် ဘုရားဟော တိုက်ရိုက်မရှိဟု ဆိုရပေမည်။ သို့သော်လည်း ရှေးရှေး ကျမ်းဂန်တတ်ဆရာတော်များက ခင်ပွန်းကြီး(၁၀)ပါးကို ရေးသားရေတွက်ခဲ့ကြ ပါသည်။ ထိုတွင် တောင်တွင်းမင်းကျောင်းဆရာတော်က ကန်တော်မင်းကျောင်း မေတ္တာစာအဖြေကျမ်း၌ ၁။ဘုရား ၂။ပစ္စေကဗုဒ္ဓါ ၃။ရဟန္တာ ၄။အဂ္ဂသာဝက ၅။အမိ ၆။အဖ ၇။ဆရာ ၈။အသက်ကြီးသူ ၉။တရားပေးသသူ ၁၀။အဝတ် အစားအသုံးအဆောင်ကို ပေးသသူ–ဟု ရေးသားဖော်ပြထားပါသည်။ လုံးတော် ဆရာတော်ကလည်း ပုစ္ဆာပကိဏ္ဏကကျမ်း၌ ၁။ဘုရား ၂။ပစ္စေကဗုဒ္ဓါ ၃။ရဟန္တာ ၄။အဂ္ဂသာဝက ၅။အမိ ၆။အဖ ၇။အလေးဂရုပြုအပ်သူ ၈။ဆရာ ၉။ပေးလှူသူ ၁၀။တရားဟောသူ–ဟု ပြထားပါသည်။ မင်းဘူးဆရာတော် ဦးသြဘာသကလည်း တေမိယဇာတ်တော်ကြီးဝတ္ထု၌ ၁။သဗ္ဗညုမြတ်စွာဘုရား ၂။ပစ္စေကဗုဒ္ဓါ ၃။ကိလေသာကုန်ပြီးသော ရဟန္တာ ၄။မြတ်စွာဘုရား၏ လက်ယာရံ လက်ဝဲရံ ဖြစ်သော အဂ္ဂသာဝက အရှင်မြတ် ၅။အမိ ၆။အဖ ၇။အရွယ်ကြီးခြင်း အမျိုး မြတ်ခြင်း ပညာကြီးခြင်း သီလသမာဓိရှိခြင်း အစရှိသော ဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သောသူ ၈။အကျိုးအကြောင်းကို ဆုံးမသွန်သင်ပဲ့ပြင် ပေးတတ်သောသူ ၉။ထမင်း အဖျော် အိပ်ရာနေရာ အဝတ်ပုဆိုးစသည် တစ်စုံ တစ်ခု ပစ္စည်းအာမိသ ပေးဖူးသောသူ ၁၀။သူခပ်သိမ်းတို့ကို ကုသိုလ်တရား ပွားများစေခြင်းငှာ တရားဟောပြောပေးသူ–ဟု ဆိုထားသည်။ ဆရာတော် ဦးသြဘာသာဘိဝံသကလည်း သုတေသနသရုပ်ပြအဘိဓာန်၌ ၁။ဗုဒ္ဓ ၂။ပစ္စေက– ဗုဒ္ဓါ ၃။ရဟန္တာ ၄။အဂ္ဂသာဝက ၅။မာတာ ၆။ပိတာ ၇။ဝုဒ္ဓါပစာယန ၈။အာစရိယ ၉။ဟိတကရ ၁၀။ဓမ္မကထိက ဟု ဖော်ပြထားသည်။ တေမိယဇာတ်အဋ္ဌကထာ

နိဿယဆရာတော်ကလည်း ယင်းကျမ်း၌ ၁။ဘုရား ၂။ပစ္စေကဗုဒ္ဓါ ၃။သာဝက ၄။အဂ္ဂသာဝက ၅။အမိ ၆။အဖ ၇။အလေးဂရုပြုအပ်သူ ၈။ရတနာသုံးပါး ကြည်ညိုသူ ၉။ပစ္စည်းလေးပါးပေးသူ ၁၀။တရားဟောသူ–ဟု ဆိုထားပါသည်။

ဖော်ပြခဲ့သော ဆရာတော်အသီးသီး၏ ခင်ပွန်းကြီး(၁၀)ပါး ရေတွက်ပုံသည် အများအားဖြင့်တူ၍ အနည်းငယ်သာ ကွဲပြားသည်ကို တွေ့ရပါသည်။

၁။ ဘုရား (မူကွဲမရှိ)

၂။ ပစ္စေကဗုဒ္ဓါ (မူကွဲမရှိ)

၃။ ရဟန္တာ (တေမိယဇာတ်အဋ္ဌကထာနိဿျ၌–သာဝက)

၄။ အဂ္ဂသာဝက (မူကွဲမရှိ)

၅။ အမိ (မူကွဲမရှိ)

၆။ အဖ (မူကွဲမရှိ)

၇။ အလေးဂရုပြုအပ်သူ (သုတေသနသရုပ်ပြအဘိဓာန်၌ ဝုဒ္ဓါပစာယန)

၈။ ဆရာ (တေမိယဇာတ်အဋ္ဌကထာနိဿျ၌ ရတနာသုံးပါး ကြည်ညိုသူ)

၉။ ပေးကမ်းလှူဒါန်းသူ (သုတေသနသရုပ်ပြအဘိဓာန်၌ ဟိတကရ)

၁၀။ တရားဟောပြသူ (မူကွဲမရှိ)

သို့ဆိုလျှင် ကျမ်းဆရာအများစု လက်ခံမှုပြုသော ခင်ပွန်းကြီး(၁၀)ပါး ရှိခိုးဂါထာပါဠိကို အနက်နှင့်တကွ ဖော်ပြပြီး ခင်ပွန်းကြီး(၁၀)ပါး အဓိပ္ပာယ်နှင့် ကန်တော့ပုံ ကန်တော့နည်း အသီးသီးကို လိုက်နာပြုကျင့်ရန်နှင့် အပြစ်ဒဏ် ကင်းရှင်းပြီး ဘဝကောင်းကျိုး လိုအင်ဆန္ဒများ ပြီးပြည့်စုံရန်အတွက် **''ခင်ပွန်းကြီး (၁၀)ပါး ကန်တော့နည်း''**စာအုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်ရပါသတည်း။

**သာသနာရေးဦးစီးဌာန**

# တိုက်တွန်းလွှာ

အကျွန်ုပ်တို့သည် လူအဖြစ်မွေးဖွားလာသည်မှစ၍ ကျေးဇူးတရားနှင့် မကင်းပေ။ မိမိကို မွေးဖွားသန့်စင်ပေးသော မိခင်သည် လက်ဦးအစ ကျေးဇူးရှင်ပင် ဖြစ်သည်။ ထို့နောက် ဖခင်သည် ဒုတိယကျေးဇူးရှင်ဖြစ်သည်။ အရွယ်ရောက် သောအခါ စာပေသင်ကြားပေးသည့် ဆရာသမားများ၊ ကိုးကွယ်အားထားရာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ လေးစားထိုက်သော ပုဂ္ဂိုလ်စသည် ဖြင့် ကျေးဇူးတရားရှိသော ပုဂ္ဂိုလ်များ များစွာရှိပေသည်။ ထိုများစွာသော ကျေးဇူး ရှင်များကို ဗုဒ္ဓဘာသာဝင် ရှေးသူတော်စင်များက ခင်ပွန်းကြီး (၁၀)ပါးဟူ၍ အစဉ်အဆက် မှတ်တမ်းတင်ထားသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘာသာအစဉ်အလာဖြစ်သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ နေ့စဉ်နှင့်အမျှ ပြုလုပ်အားထုတ်လျက်ရှိကြသည်။ အချို့သည် ဒါနမှု စသည်အားထုတ်သော်လည်း အကျိုးတရားကို လက်ငင်းဒိဋ္ဌခံစားရမှု နည်းပါးသည်ကို သတိထားမိပေသည်။ ထိုသို့ လက်ငင်းဒိဋ္ဌ မခံစားရခြင်းမှာ အကြောင်းများစွာရှိရာ ကျေးဇူးရှင်ခင်ပွန်းကြီး (၁၀)ပါးကို ပြစ်မှားစော်ကား ထားသော ပြစ်ဒဏ်များကြောင့်လည်း ပါဝင်ပေသည်။

အကျွန်ုပ်တို့သည် အနီးစပ်ဆုံး စဉ်းစားရလျှင် မိမိ၏ မိဘနှစ်ပါးအပေါ် မထင်မမှတ် စကားနှုတ်လုံ ထိုးမိခြင်း၊ ဒေါသထွက်မိခြင်း၊ မိဘရှေ့မှာ ကိုယ်အမူ အရာ ရိုင်းစိုင်းမိခြင်း စသော ပြစ်ဒဏ်လေးများကို လူတိုင်းလိုလို ပြုလုပ်တတ် မိကြလေသည်။ ထိုအခြေခံဖြစ်သော ပြစ်ဒဏ်များကို တောင်းပန်ဝန်ချ ကျေးဇူး ဆပ်ခြင်း မရှိခဲ့ပါက အထက်အဆင့်မြင့် လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ ချမ်းသာ, မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာတို့ကို မရရှိနိုင်ပေ။ ဥပမာအားဖြင့် အထက် သို့ ငြမ်းဆင်၍တက်ရာတွင် ငြမ်းအောက်ခြေမခိုင်လျှင် တက်မရသကဲ့သို့လည်း ကောင်း၊ အောက်ခြေ Foundation မကောင်းသော တိုက်တာအဆောက်အအုံ သည် မကြာမတင် ပြိုကျသကဲ့သို့လည်းကောင်း အခြေခံဖြစ်သော ခင်ပွန်းကြီး (၁၀)ပါးကို တောင်းပန်ဝန်ချခြင်းဟူသော အခြေခံကောင်းမရှိပါက မိမိပြုလုပ် ကြိုးစားထားသော လောကီ,လောကုတ္တရာအလုပ်များ အကျိုးပေးနည်းမည်မှာ သေချာပေသည်။

## တိုက်တွန်းလွှာ [ဆ]

အချို့သောသူတို့သည် ခင်ပွန်းကြီး (၁၀)ပါးကို ပြစ်မှားထားခြင်းကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြကုန်၏။ အလုပ်ခွင်၌လည်း အဘယ်မျှ ကြိုးစား ကြိုးစား စိတ်မချမ်းသာခြင်းသာ ကြုံကြရကုန်၏။ ပြဿနာ အခက်အခဲ ကြုံတွေ့ ရခြင်းသာ များကြကုန်၏။ ကောင်းကျိုးထက် ဆိုးကျိုးများသာ ခံစားကြရကုန်၏။ ရှာဖွေရရှိသမျှ ဥစ္စာပစ္စည်းတို့သည် 'ပလိုင်းပေါက်နှင့် ဖားကောက်'သကဲ့သို့ ဖြစ်ကုန်ကြရကုန်၏။ အစီးအပွားများ လျင်မြန်စွာ ထိန်းမရ သိမ်းမရ ပျက်စီးကြ ကုန်၏။ ရာထူး၊ ဌာန၊ လူနေမှုဘဝ အခြေအနေများ ပျက်စီးတတ်ကြကုန်၏။ နေအိမ်၊ တိုက်တာ၊ ဆိုင်၊ အလုပ်ရုံစသည် မီးလောင်တတ်၏။ တခြားအိမ်မှ မီးကူးလောင်ခြင်း ခံရတတ်၏။ အချို့ အကျိုးပေးအားကောင်းသောအခါ လူပါ မီးထဲ ပါတတ်၏။

ကောက်ကာငင်ကာ ဖျားပြီး ရက်ပိုင်းအတွင်း မျက်စိကွယ်ခြင်း၊ နားကန်း ခြင်း၊ ဆွံ့အခြင်းစသော ဆိုးကျိုးများ ရတတ်၏။ နူနာရောဂါမှအစ လူကြားထဲ မဝင်ရဲသော ရောဂါများရခြင်းစသော ဆိုးကျိုးများလည်း ရတတ်၏။ ခေါင်းကိုက် ရောဂါ၊ အာရုံကြောရောဂါ၊ သတိမေ့လျော့ကာ စိတ်ကစဉ့်ကလျား, စိတ်ကျ ရောဂါ၊ ခြေလက်တို့၌ ကုစားမရအောင် ဒဏ်ရာရခြင်းများ ခံစားရကုန်၏။ ဘုန်းကြီး၍ သက်မရှည်, သက်ရှည်၍ ဘုန်းမကြီး၊ ရန်သူပေါခြင်း၊ လူမုန်း များခြင်း ဆိုးကျိုးများကို ခံစားရကုန်၏။

မဂ်ဖိုလ်အကျင့် ကျင့်ရာ၌ အတားအဆီးများ ကြုံရကုန်၏ဟု (အပ၊၄၂၁၂၇၁) ကို အခြေပြုလျက် ဆရာတော် သံဃာတော် လူကြီးသူမများက မိန့်ညွှန် ဟောကြားထားကြလေသည်။

ထို့ကြောင့် ဆင်းရဲဒုက္ခပြစ်ဒဏ်များ ကင်းရှင်းပြီး လောကီ,လောကုတ္တရာ အလုပ် ကြိုးပမ်းအားထုတ်ရာတွင် မိမိကြိုးစားသလောက် အကျိုးပေးမှု ထက်သန်စေရန် ခင်ပွန်းကြီး (၁၀)ပါးကို နေ့စဉ် (သို့မဟုတ်) တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ ကန်တော့ဝန်ချတောင်းပန်သင့်ကြောင်း တိုက်တွန်းအပ်ပါသည်။

# ကန်တော့ဝန်ချတောင်းပန်ရန်  အစီအစဉ်

ခင်ပွန်းကြီး(၁၀)ပါးကို  ကန်တော့ဝန်ချတောင်းပန်မည့်သူသည်–

၁။ မြတ်စွာဘုရားအမျိုးရှိသော ခင်ပွန်းကြီး(၁၀)ပါးတို့ကို ရည်မှန်းကာ ဖယောင်းတိုင်(၁၀)တိုင်၊ အမွှေးတိုင်(၁၀)တိုင် (သို့မဟုတ်) ဖယောင်းတိုင် (၁)တိုင်၊ အမွှေးတိုင် (၁)တိုင်၊ နှစ်သက်ရာ ဆွမ်း၊ အသားဟင်း၊ ငါးဟင်း၊ မုန့်၊ အသီးအနှံတို့ကို တတ်စွမ်းနိုင်သလောက် လှူဒါန်းကပ်လှူပါ။

၂။ ''အင်္ဂီရသဿ''အစချီသော စိန်ရောင်ခြည်ဘုရားပင့်ဖြင့် အဆူဆူသော ဘုရားရှင်တို့အား ပင့်ပါ။

၃။ ''ဩကာသကန်တော့ချိုး''ဖြင့် ရတနာသုံးပါးတို့အား ရှိခိုးကန်တော့ပြီး ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် စွမ်းနိုင်ရာသီလ ဆောက်တည်ပါ။

၄။ ''သမန္တာ''အစချီသော ပါဠိ–အနက်ဖြင့် နတ်များကို ဖိတ်မန္တကပြုပါ။

၅။ ''ခင်ပွန်းကြီး (၁၀)ပါး ပါဠိ–အနက်''ဖြင့် ခင်ပွန်းကြီး(၁၀)ပါးကို ဦးစွာ ကန်တော့ဝန်ချတောင်းပန်ပါ။ ထို့နောက် ခင်ပွန်းကြီး(၁၀)ပါးကို တစ်ပါးချင်း ကန်တော့တောင်းပန်ပါ။ (သို့မဟုတ်) ခင်ပွန်းကြီး(၁၀)ပါးကို စုပေါင်း၍ ကန်တော့တောင်းပန်ပါ။

၆။ မိမိအပေါ် စော်ကားပြစ်မှားထားသော အခြားသူများအား ခွင့်လွှတ်ပါ။

၇။ မေတ္တသုတ်တော်လာ မေတ္တာပွားနည်း (၁၁)နည်းဖြင့် မေတ္တာပို့ပါ။

၈။ လူနတ်ပြိတ္တာ သတ္တဝါတို့အား အမျှအတန်းပေးဝေပါ။

၉။ ''ဣဒံ မေ ပုညံ''အစချီသော ပါဠိ–အနက် ရွတ်ဆိုကာ ယခုပြုသော ကုသိုလ်ကောင်းမှုနှင့် စပ်လျဉ်း၍ ဆုတောင်းပါ။

၁၀။ ''တွေ့တာဝတာ''အစချီသော ပါဠိ–အနက် ရွတ်ဆိုကာ ယခုကြွရောက်လာသော နတ်ပြိတ္တာများကို ပြန်ပို့၍ ခင်ပွန်းကြီး(၁၀)ပါး ကန်တော့ဝန်ချတောင်းပန်ခြင်းအစီအစဉ်ကို အောင်မြင်စွာ အဆုံးသတ်ပါ။

## [ ည ] ကန်တော့ဝန်ချတောင်းပန်ရန် အစီအစဉ်

**အထူးမှာကြားလိုသည်မှာ–**

ခင်ပွန်းကြီး(၁၀)ပါး ကန်တော့ဝန်ချတောင်းပန်မည့်သူသည် မျက်မှောက်လက်ရှိ ခင်ပွန်းကြီးများဖြစ်ကြသော အမိ,အဖ,ဆရာသမားများနှင့် အတူနေထိုင်သူ ဖြစ်ပါက (သို့မဟုတ်) လွယ်ကူစွာ သွားလာနိုင်ပါက မျက်မှောက်လက်ရှိ ကန်တော့သင့်သည်၊ ကန်တော့ပါ။ ဘုရားရှေ့တွင်လည်း ခင်ပွန်းကြီး(၁၀)ပါးလုံးကို စုပေါင်း၍ ကန်တော့ပါ။ အမိ,အဖ,ဆရာသမားများ သက်ရှိမဟုတ်ပါက အုတ်ဂူတွင်ဖြစ်စေ၊ ဓာတ်ပုံထောင်၍ဖြစ်စေ၊ ဓာတ်ပုံမရှိလျှင်လည်း စိတ်နှလုံးအိမ်မှာ မြင်ယောင်နှလုံးသွင်းလျက် ကန်တော့ဝန်ချတောင်းပန်ရမည်။ ဝတ်ကျေတန်းကျေသဘောမျိုးဖြင့် ကန်တော့ဝန်ချတောင်းပန်ခြင်း မပြုလုပ်ရ၊ ယုံကြည်သက်ဝင်စွာ စိတ်နှလုံးနှစ်၍ ပြုလုပ်သင့်ပေသည်။

# ခင်ပွန်းကြီး (၁၀)ပါး ကန်တော့နည်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

---

## စိန်ရောင်ခြည်ဘုရားပင့်

**အင်္ဂီရသဿ ဥဏ္ဏာယ၊**
**ဒါဌာဟိ သေတရံသိယော။**
**ဝဇိရာဝ ဝိရောစန္တီ၊**
**ဒိန္နော မေ ဓာတု သီသကေ။**

**အင်္ဂီရသဿ၊** အယုတ် အလတ် အမြတ်ပိုင်းခြား လွန်ကြီးမား၍ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံ ကွန့်မြူးလျက် **'အင်္ဂီရသ'**ဆိုတဲ့ ဘွဲ့ထူးကို အံ့ကျူးခံ့ခိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။

**ဘမုကန္တရေ၊** မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌။

**သဉ္ဇာတာယ၊** နုဖြူထွားထွား ကောင်းစွာပေါက်ပွား ဖြစ်ပေါ်၍ လာတော်မူသော။

**ဥဏ္ဏာယစ၊** ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့် ရှည်လျားသဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ်ခွေရုံ စိန်ကြယ်ပွင့်အနေပုံလို ဥဏ္ဏာလုံခေါ် မွေးရှင်တော်ဓာတ် လွန်ထူးမြတ်သည့် အရပ်တော်မှလည်းကောင်း။

**ဒါဌာဟိစ၊** ပတ္တမြားခေါင်ရန်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင်ဖုံးပိတ်၍ ထားအပ်သော သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူရာရာဓာတ်တော်ထူးတို့မှလည်းကောင်း။

**သောတရံသိယော၊** ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင်လွှမ်းဘိသကဲ့သို့ မြတ်လေးပန်းစပယ်ငုံ ကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင် ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် တလည့်လည် ထိန်ပြောင် ကြည်တဲ့ စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသော အဆင်းတော်မြတ်တို့သည်။

**ဝဇိရာဝ၊** စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့။

**ဝိရောစန္တိ၊** ဖူးမြင်ရသူတို့၏ စိတ်ဝယ်အထူး ဘဝင်မှာကြည်နူးလောက်အောင် ရွှင်မြူးတက်ကြွ ဘက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော်မူကြပါပေ ကုန်၏။

**သော ဇိနော၊** ထူးထွေဆန်းလည် စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသံ ဘွဲ့ထူးခံ သည့် ငါးမာရ်အောင်ပြီး ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

**မေ မမ၊** ရုပ်နှင့်နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွဲ၍ ငါပဲသမုတ် အကျွန်ုပ်၏။

**သီသကေ၊** ဦးခေါင်းရတနာ မြတ်ရာထားတင် ဦးထိပ်ပြင်၌။

**ဌာတု၊** ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေမှု မေတ္တာပြု၍ ကြည့်ရှုကိုယ်တိုင် ခိုင်ခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူလှည့်ပါ့ စိန်ရောင်ခြည် နေတန္ထုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

(လယ်တီပဏ္ဍိတ–ဦးမောင်ကြီး)

# ဩကာသကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**အပါယ်လေးပါး** = ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ။

**ကပ်သုံးပါး** = ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ်။

**ရပ်ပြစ်ရှစ်ပါး** = ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသညသတ်ဘုံနှင့် အရူပ– ပြဟ္မာဘုံ၊ ပစ္စန္တရစ်အရပ်(ဘုရားမပွင့်ရာအရပ်)၊ မိစ္ဆာဒိဋ္ဌိ၊ ဉာဏ်ပညာမရှိသူ၊ ဘုရားမပွင့်ရာအခါ၌ လူဖြစ်ရခြင်း။

**ရန်သူမျိုးငါးပါး** = ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ။

**ဝိပတ္တိတရားလေးပါး** = အပါယ်ဘုံ၌ဖြစ်ရခြင်း၊ ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊ တရားမစောင့်သူတို့၏ လက်ထက်၌ဖြစ်ရခြင်း၊ အကုသိုလ်ကိုသာ အားထုတ်၍ အကျင့်ပျက်စီးခြင်း။

**ဗျသနတရားငါးပါး** = ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ ရောဂါနှိပ်စက်၍ ပျက်စီးခြင်း၊ အယူဝါဒလွဲမှားပျက်စီးခြင်း၊ အကျင့်သီလ ပျက်စီးခြင်း။

----------

# ငါးပါးသီလ ခံယူဆောက်တည်ခြင်း

**အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။**

**ဒုတိယမ္ပိ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

တတိယမ္ပိ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

အာမ ဘန္တေ။

----------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးကြိမ်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ။

----------

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။)
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏။)
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(မဟုတ်မမှန် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။)
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(သေရည်သေရက်ကို သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

အာမ ဘန္တေ။

----------

# ခင်ပွန်းကြီး(၁၀)ပါး မကန်တော့မီ ရှေးဦးစွာ နတ်များကို ဖိတ်မန္တကပြုခြင်း

**သမန္တာ စက္ကဝါဠေသု၊ အတြာ’ဂစ္ဆန္တု ဒေဝတာ။**
**သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။**
**(ဓမ္မဿဝနကာလော အယံ ဘဒန္တာ။)**[၃]

| | |
|---|---|
| **သမန္တာ** | – ဝန်းကျင်ပတ်ချာ ရပ်ဆယ်မျက်နှာမှ။ |
| **စက္ကဝါဠေသု** | – ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သည့် စကြဝဠာ တောင်ရစ်ဝိုက် တစ်သောင်းသော လောကဓာတ်တိုက် တို့၌။ |
| **ဝသန္တာ** | – ကြည်သာချမ်းမြ နေထိုင်ကြကုန်သော။ |
| **ဒေဝတာ** | – ရောင်ဝါတန်ခိုး ကဲမိုးကြီးမား နတ်အများတို့သည်။ |
| **အတြ** | – ခင်ပွန်းကြီး(၁၀)ပါး ကန်တော့ရာ ဤနေရာဌာနသို့။ |
| **အာဂစ္ဆန္တု** | – ညီညာဖြိုဖြိုး စည်းဝေးလာရောက်ကြကုန်လော့။ |
| **မုနိရာဇဿ** | – သုံးတိုက်ထွတ်တင် ဘုရင်ဥက္ကဋ္ဌ ရဟန်းမင်းကြီး ဖြစ်တော်မူသော မြတ်စွာဘုရား၏။ |
| **သဂ္ဂမောက္ခဒံ** | – နတ်ရွာနိဗ္ဗာန် ကျိုးနှစ်တန်ကို ကောန်ဆတ်ဆတ် ပေးဝေတတ်သည့်။ |
| **သဒ္ဓမ္မံ** | – ခင်ပွန်းကြီး(၁၀)ပါး ကန်တော့ခြင်းတည်းဟူသော သူတော်ကောင်းတရားကို။ |
| **သုဏန္တု** | – ရိုသေတုပ်ကွ နာလှည့်ကြကုန်လော့။ |

[**ဘဒန္တာ** – ညီညာဖြဖြ စည်းဝေးလာရောက်ကြသည့်
ဓမ္မမာမက အိုနတ်များတို့။

**အယံ ကာလော** – ဤသည့်ကာလ ခါသမယသည်ကား။

**ဓမ္မဿဝန ကာလော** – ရှင်တော်ဘုရား အမျိုးထား၍ ၁၀–ပါးသော ခင်ပွန်းကြီးတို့ကို ကန်တော့ခြင်းတည်းဟူသော တရားစကားကို နာကြားအပ်ရာ အခါကြီးပါပေတည်း။
(၃–ခါက်)]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ခင်ပွန်းကြီး(၁၀)ပါး ရှိခိုးဂါထာ ပါဠိ-အနက်

**ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။**
**မာတာ ပိတု ဂုရု သတ္ထာ၊ ဓမ္မဒေသကာ စ ဒါယကာ။**
**ဣမေ ဒသ မဟာဂုဏော၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။**

**[သာသနာရေးဦးစီးဌာန၊ဘုရားရှိခိုးအမျိုးမျိုး]**

**ဗုဒ္ဓါ စ၊** သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့လည်းကောင်း။ **ပစ္စေက ဗုဒ္ဓါ စ၊** ကိုယ်တိုင်သစ္စာ သိပြီးပါလည်း ဟောကာမပြ သီးခြားသော ပစ္စေက–ဗုဒ္ဓါတို့လည်းကောင်း။ **အရဟာ စ၊** အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်တို့လည်းကောင်း။ **အဂ္ဂသာဝကာ စ၊** လက်ဝဲ လက်ယာ ခြီရံကာဖြင့် ပညာတန်ခိုး စိုးမိုးထက်လှ အဂ္ဂသာဝကနှစ်ပါးတို့လည်းကောင်း။ **မာတာ စ၊** ကိုးလလွယ် ဆယ်လဖွား၍ အသက်ရင်းကာ မြတ်မေတ္တာဖြင့် မွေးဖွားသန့်စင် ပြုစုစောင့် ရှောက်သော မွေးမိခင်လည်းကောင်း။ **ပိတု စ (ပိတာ စ)၊** လူလားမြောက်အောင် လုပ်ဆောင်ကျွေးမွေး ပညာပေးကာ ပြုစုစောင့်ရှောက်သော ကျွေးဖခင်လည်းကောင်း။ **ဂုရု စ၊** သီလစသည် ဂုဏ်စုံညီ၍ အလေးအမြတ် ပြုအပ်လှစွာသော ပုဂ္ဂိုလ်လည်းကောင်း။ **သတ္ထာ စ၊** အတတ်လည်းသင် ပဲ့ပြင်ဆုံးမ သိပ္ပမချန် ဘေးရန်ဆီးကာ အစဖြာလျက် ဆုံးမပေတတ် ဆရာမြတ်တို့လည်းကောင်း။ **ဓမ္မဒေသကာ စ၊** သံသရာစခန်း သွားရာလမ်း၌ ပင်ပန်းကင်းရန် ရည်သန် ညွှန်ကြား မမှောက်မှားရအောင် တရားဟောဖော် ပုဂ္ဂိုလ်မော်လည်းကောင်း။ **ဒါယကာ စ၊** စားဝတ်နေရေး မနှောင့်နှေးရအောင် နည်းများမဟူ ပေးလှူတတ်သော ပုဂ္ဂိုလ်လည်းကောင်း။ **ဣမေ ဒသ မဟာဂုဏော၊** ကျေးဇူးစုပုံ

ဆပ်မကုန်သည့် ဂုဏ်အင်မြင့်ကျူး ဤဆယ်ဦးသော ပုဂ္ဂိုလ်တို့ကို။ **အဟံ၊** ကောင်းကျိုးရည်မျှော် တပည့်တော်သည်။ **သဗ္ဗဒါ၊** နေ့ညဥ့်မခြား အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ကျေးဇူးယှက်မြေး စိမ့်စိမ့်တွေးလျက် မြတ်လေးကြည်ယုံ သဒ္ဓါဟုန်ဖြင့် လက်စုံယှက်မိုး ပျပ်ဝပ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား ။ ။

**မှတ်ချက်။** အဖွဲ့လိုက် ရွတ်ဆိုကန်တော့ပါက **''အဟံ ဝန္ဒာမိ''**နေရာ၌ **''မယံ ဝန္ဒာမ''**ဟု ရွတ်ဆိုပါ။ အနက်ပြန်ဆိုရာ၌လည်း ''**မယံ၊** ကောင်းကျိုးရည်မျှော် တပည့်တော်တို့သည်။ **ဝန္ဒာမ၊** ......... ရှိခိုးကန်တော့ကြပါ၏ဘုရား''ဟု ရွတ်ဆိုကန်တော့ပါ။

# ခင်ပွန်းကြီး(၁၀)ပါး

၁။ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်။
၂။ လေးပါးသစ္စာ ကိုယ်တိုင်သာသိ ထပ်ဘိမဟော သီးခြားသော ပစ္စေကဗုဒ္ဓါ။
၃။ အာသဝေါကင်းကွာ ရဟန္တာ။
၄။ ပညာတန်ခိုး စိုးမိုးထက်လှ အဂ္ဂသာဝကနှစ်ပါး။
၅။ မွေးဖွားသန့်စင်ပေး၍ ကြီးမားသော ကျေးဇူးရှင် မြတ်မိခင်။
၆။ ပြုစုလုပ်ကျွေး ပညာပေး၍ ကြီးမားသောကျေးဇူးရှင် မြတ်ဖခင်။
၇။ အလေးအမြတ် ပြုအပ်သော ပုဂ္ဂိုလ်။
၈။ မေတ္တာတရား အစဉ်ထား၍ ဆုံးမပေတတ် ဆရာမြတ်။
၉။ ဓမ္မတရား ဟောဖော်ကြားသည့် ဓမ္မဒေသကပုဂ္ဂိုလ်။
၁၀။ စားဝတ်နေရေး ထောက်ပံ့ပေးသည့် ဒါယကာ။

# ခင်ပွန်းကြီး (၁၀) ပါး အဓိပ္ပာယ်

## (၁) ဘုရားရှင်

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး သူတစ်ပါးတို့ ဖြည့်ကျင့်ရန် ခက်ခဲလှသော စွန့်ခြင်းကြီးငါးပါး၊ ပါရမီသုံးဆယ်၊ ဒုက္ကရစရိယာ အကျင့်တို့ကို ဖြည့်ကျင့်ခဲ့သဖြင့် ချီးကျူးကြည်ညိုလို့ မကုန်နိုင်သော ဘုရားရှင်။

သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် လှပတင့်တယ် သပ္ပာယ်တော်မူသဖြင့် ဖူးမြော်ကြည်ညိုလို့ မဝနိုင်သော ဘုရားရှင်။

နှိုင်းယှဉ်နိုင်သူမရှိ အတိုင်းမရှိသော ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ဂုဏ်တော်အနန္တ ကျေးဇူးတော်အနန္တ တို့နှင့် ပြည့်စုံသဖြင့် ကပ်ကမ္ဘာကုန်အောင် ချီးကျူးထုတ်ဖော်ပါသော်လည်း မကုန်နိုင်သည့် ဂုဏ်ပေါင်းစုံသော ဘုရားရှင်။

## (၂) ပစ္စေကဗုဒ္ဓါ

အသီးအခြား ကိုယ်တိုင်သာ ဆရာမရှိဘဲ သစ္စာလေးပါးတရားတို့ကို သိမြင်သောဘုရား၊ သီးခြားဘုရား၊ ဘုရားငယ်၊ ပစ္စေကဗုဒ္ဓါ။

ဘုရားရှင်ဗုဒ္ဓတို့အောက် အောက်ထစ်ဆုံး နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဒါန သီလ စသော ပါရမီတို့ကို ဖြည့်ကျင့်ပြီးလျှင် သစ္စာလေးပါး တရားတို့ကို ဆရာမကူ မိမိကိုယ်တိုင် သိမြင်သော ''ပစ္စေကဗောဓိဉာဏ်ရှင်'' ပုဂ္ဂိုလ်မြတ်ဖြစ်သော ပစ္စေကဗုဒ္ဓါ။

## (၃) ရဟန္တာ

ကိလေသာအာသဝေါတရားတို့မှ ဝေးတော်မူသော၊ ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူတတ်သော အပူဇော်ကို ခံယူတော်မူထိုက်သော၊ မြတ်သော

အလှူကို ခံယူတော်မူထိုက်သော၊ မကောင်းမှု ပြုလုပ်ရန် ဆိတ်ကွယ်ရာအရပ် ရှိတော်မမူသော ရဟန္တာ။ သဗ္ဗညုဘုရားရှင်တို့ထံမှ နည်းဥပဒေသရရှိ၍ တစ်ဆင့်ခံအနေအားဖြင့် သစ္စာလေးပါးတရားတို့ကို သိမြင်သော ရဟန္တာ။

## (၄) အဂ္ဂသာဝက

ဘုရားရှင်၏ သာသနာတော်၌ အမြတ်ဆုံး တပည့်သာဝကများဖြစ်ကြသော ပညာ,တန်ခိုး အသာလွန်ဆုံးသော အဂ္ဂသာဝကအရှင်မြတ်နှစ်ပါး။

တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဒါန, သီလစသော ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့၊ အထူးသဖြင့် ပညာ,တန်ခိုး သာလွန်ကဲအောင် အားထုတ်ခဲ့ကြသော အဂ္ဂသာဝကအရှင်မြတ်နှစ်ပါး။

သဗ္ဗညုဘုရားရှင်တို့ထံမှ နည်းဥပဒေသရရှိ၍ တစ်ဆင့်ခံအနေအားဖြင့် သစ္စာလေးပါးတရားတို့ကို သိမြင်သော အဂ္ဂသာဝကအရှင်မြတ်နှစ်ပါး အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်။

## (၅) မြတ်မိခင်

မိမိကို ကိုယ်ဝန်ဆောင်ထားရစဉ် ''အနာရောဂါ ကင်းပါစေ၊ ခြေလက်အင်္ဂါ အစုံအလင်နှင့် မွေးဖွားလာပါစေ''ဟူသော ကြီးမားသော မေတ္တာစိတ်ရှိသော မြတ်မိခင်။

ကိုယ်ဝန်သည်နှင့် မတည့်သော အစားအစာများနှင့်အတူ အေးလွန်းသော အစာ၊ ပူလွန်းသော အစာ၊ အငန် အစပ်များ စားချင်စိတ်ရှိသော်လည်း သန္ဓေသား အခက်တွေ့မည်စိုးသဖြင့် မစားဘဲ ကြီးမားသော မေတ္တာစိတ်ရှိသော မြတ်မိခင်။

နုနယ်သော ရင်သွေးငယ်၏ ငိုသံဖြစ်စေ၊ အရွယ်ရောက်၍ ဝမ်းနည်းသဖြင့် ငိုသော ငိုသံဖြစ်စေ ကြားရသောအခါ ကြီးစွာသော ကရုဏာစိတ်ရှိသော မြတ်မိခင်။

ရင်သွေးငယ် ပြေးလွှားဆော့ကစားနိုင်သော အခါတွင်ဖြစ်စေ၊ အရွယ်ရောက်

၍ ကြီးပွားတိုးတက် အောင်မြင်သော အခါဖြစ်စေ ကြီးစွာသောဝမ်းမြောက်မှု မုဒိတာစိတ်ရှိသော မြတ်မိခင်။

သားသမီးတို့အတွက် အသက်ပေး၊ ဒုက္ခခံ၍ မွေးပေး နို့ချိုတိုက်ကျွေးသော မြတ်မိခင်။

လက်ယာဘက် ပခုံးတွင်တင်၍ အသက်ရှည်သမျှကာလပတ်လုံး ပြုစု လုပ်ကျွေးထိုက်သော မြတ်မိခင်။

## (၆) မြတ်ဖခင်

သားသမီး ကိုယ်ဝန်တည်စဉ် ''အနာရောဂါ ကင်းပါစေ၊ ခြေလက်အင်္ဂါ အစုံအလင်နှင့် မွေးဖွားလာပါစေ''ဟူသော ကြီးမားသော မေတ္တာစိတ်ရှိသော မြတ်ဖခင်။

နုနယ်သော ရင်သွေးငယ်၏ ငိုသံဖြစ်စေ၊ အရွယ်ရောက်၍ ဝမ်းနည်းသဖြင့် ငိုသော ငိုသံဖြစ်စေ ကြားရသောအခါ ကြီးစွာသော ကရုဏာစိတ်ရှိသော မြတ်ဖခင်။

ရင်သွေးငယ် ပြေးလွှားဆော့ကစားနိုင်သော အခါတွင်ဖြစ်စေ၊ အရွယ်ရောက် ၍ ကြီးပွားတိုးတက် အောင်မြင်သော အခါဖြစ်စေ ကြီးစွာသောဝမ်းမြောက်မှု မုဒိတာစိတ်ရှိသော မြတ်ဖခင်။

သားသမီးတို့အတွက် အသက်ပေး၍ ပစ္စည်းဉစ္စာ ရှာဖွေစုဆောင်းကာ ပြုစုလုပ်ကျွေးသော မြတ်ဖခင်။

လက်ဝဲဘက် ပခုံးတွင်တင်၍ အသက်ရှည်သမျှကာလပတ်လုံး ပြုစုလုပ် ကျွေးထိုက်သော မြတ်ဖခင်။

## (၇) အလေးအမြတ် ပြုအပ်သော ပုဂ္ဂိုလ်

အလေးပြုအပ်သော အလေးပြုခြင်း၏ တည်ရာဖြစ်သော အလေးပြု ထိုက်သော၊ အလေးပြုထိုက်သော ဂုဏ်နှင့်ယှဉ်သော၊ ရိုသေလေးစားအပ်သော

ပုဂ္ဂိုလ်၊ အသက်အားဖြင့် ကြီးရင့်သော ပုဂ္ဂိုလ်၊ ဂုဏ်အားဖြင့် ကြီးမားသော ပုဂ္ဂိုလ်၊ နာယကဂုဏ်၊ မနောဘာဝနီယဂုဏ်၊ သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်။

## (၈) ဆရာမြတ်

လောက၌ သတ္တဝါတိုင်း လူသားတိုင်းအတွက် အရေးကြီးဆုံးသည် အသိဉာဏ်ပညာ ဖြစ်၏။ ပညာသည် နားမျက်စိနှင့်တူ၏။ နားနှင့်မျက်စိမရှိသူသည် အရာမဝင်သကဲ့သို့ ပညာမတတ်သူသည်လည်း လူရာမဝင်ပေ။ ပညာသည် ရာထူး၊ စည်းစိမ် ဥစ္စာပစ္စည်း ရရှိရေးသာမက နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းလည်း ဖြစ်၏။ ထိုပညာတို့ကို ကြီးမားသော မေတ္တာဖြင့် သင်ကြားပေးသော ကျေးဇူးရှင်ဆရာမြတ်။

## (၉) ဓမ္မဒေသကပုဂ္ဂိုလ်

ဘုရားရှင်ကိုယ်တော်မြတ် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များကို ဝေနေယျသတ္တဝါများအား သံသရာ ဝဲသြဃမှ ကူးမြောက်နိုင်ရန်၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံစသော သုဂတိဘုံသို့ တက်လှမ်းနိုင်စေရန်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်တည်းဟူသော ဒုဂ္ဂတိဘုံများသို့ မကျရောက်စေရန် ရည်သန်၍ ကရုဏာ မေတ္တာ ကြီးမားစွာဖြင့် ညွှန်ကြားပြသသော ဓမ္မဒေသက တရားဟော တရားပြပုဂ္ဂိုလ်။

## (၁၀) ဒါယကာ

ရဟန်းဖြစ်စေ၊ လူဖြစ်စေ မိမိအား ပေးကမ်းချီးမြှင့်ထောက်ပံ့ပေးသော ပုဂ္ဂိုလ်။ ထိုတွင် ဆွမ်း ဘောဇဉ်စသော လေးပါးသော ပစ္စည်းဖြစ်စေ၊ တစ်ကျပ် တစ်ပြား နည်းများမဟုတ်သော ငွေကြေးဖြစ်စေ၊ ထမင်းတစ်လုတ် ရေတစ်မှုတ်ဖြစ်စေ၊ လိုအပ်ချိန်၊ ခက်ခဲချိန်တွင် ပေးကမ်းချီးမြှင့် ကျွေးမွေးပေးဖူးသူ အလှူပေးပုဂ္ဂိုလ်။

# အကျိုး (၁၀)ပါး

ဤခင်ပွန်းကြီး(၁၀)ပါးသည် ကျေးဇူးရှင်ကြီးများဖြစ်၍ ကျေးဇူးသိတတ် ကျေးဇူးဆပ်ရမည်၊ မပြစ်မှားအပ် ရှိခိုးကန်တော့ရမည်။ ခင်ပွန်းကြီး(၁၀)ပါးကို ပြစ်မှားမှုမရှိ၊ ကျေးဇူးသိတတ် ရှိခိုးကန်တော့ခြင်းကြောင့် အောက်ဖော်ပြပါ အကျိုးတရား(၁၀)ပါး ခံစားရရှိမည်——

၁။ န ဖရုသ ဝေဒနာ= ကြမ်းတမ်းပြင်းထန်သော ရောဂါဝေဒနာ မဖြစ်ခြင်း။

၂။ န ဇာနိ= ပစ္စည်းဥစ္စာ၊ အသက်ဇီဝိန်ခိုင်မြဲခြင်း။

၃။ န သရီရ ဘေဒန = ခန္ဓာကိုယ် ပျက်စီးမှု မရှိခြင်း။

၄။ န ဂရုကာဗာဓ = ကြီးစွာသောအနာ မကပ်ရောက်နိုင်ခြင်း။

၅။ န စိတ္တဝိက္ခေပ = စိတ်ပျံ့လွင့်မှုမရှိခြင်း၊ ရူးသွပ်မှုမဖြစ်ခြင်း။

၆။ န ရာဇူပသဂ္ဂ = မင်းပြစ် မင်းဒဏ် မသင့်ခြင်း။

၇။ န ဒါရုဏဗ္ဘက္ခာန = သူတစ်ပါးတို့၏ ပြင်းထန်စွာ စွပ်စွဲမှုမခံရခြင်း။

၈။ န ဉာတိ ပရိက္ခယ = ဆွေမျိုးများ ပျက်စီးဆုံးရှုံးမှု မရှိခြင်း။

၉။ န ဘောဂပဘင်္ဂ = စည်းစိမ်ဥစ္စာ ပျက်စီးမှု မရှိခြင်း။

၁၀။ န အာဂါရဂ္ဂိ ဒုယှန = နေထိုင်ရာအိမ် လောင်မီးကျမှု၊ မီးလောင်မှု မရှိခြင်းတို့ ဖြစ်သည်။

## (တစ်နည်း) အကျိုး (၁၀)ပါး

ခင်ပွန်းကြီး(၁၀)ပါးအား ပူဇော်ရှိခိုးကန်တော့ရခြင်းကြောင့်–

၁။ အစားအစာ မရှားပါးခြင်း။

၂။ ရောက်ရာအရပ်၌ လေးစားပူဇော်ခံရခြင်း။

၃။ ရန်သူမျိုးငါးပါး ကင်းဝေးခြင်း။

၄။ လူချစ်လူခင်ပေါ်များခြင်း။

၅။ ပရိသတ်အလယ်၌ တင့်တယ်စွာ နေနိုင်ခြင်း။

၆။ ကောင်းသတင်းကျော်စောခြင်း။

၇။ အခြွေအရံများခြင်း။

၈။ စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်ခြင်း။

၉။ ဘေးဒုက္ခကြုံသော် အကူအညီရခြင်း။

၁၀။ သားကောင်း သမီးကောင်း ရရှိနိုင်ခြင်းတည်းဟူသော အကျိုးတရားတို့ကို ရရှိနိုင်ပါသည်။

ဆိုအပ်ပြီးသည်ကား ပစ္စုပ္ပန်အကျိုး(၁၀)ပါးဖြစ်၍ တမလွန်လောက၌လည်း နတ်ရွာသုဂတိဘုံသို့ လားရောက်ရမည် ဖြစ်သည်။

## ဒဏ် (၁၀)ပါး

ခင်ပွန်းကြီး(၁၀)ပါးကို ပြစ်မှားမိခဲ့လျှင် ဒဏ်ကြီး(၁၀)ပါး ကျရောက်မည်။ ထိုဒဏ်ကြီး (၁၀)ပါးကား—

၁။ ဖရုသ ဝေဒနာ=ကြမ်းတမ်းပြင်းထန်သော ရောဂါဝေဒနာဖြစ်ခြင်း။

၂။ ဇာနိ= ပစ္စည်းဥစ္စာ၊ အသက်ဇီဝိန် ဆုံးရှုံးခြင်း။

၃။ သရီရ ဘေဒန = ခန္ဓာကိုယ်၏ ပျက်စီးခြင်း။

၄။ ဂရုကာဗာဓ = ဆေးကု၍ မရသော ကြီးလေးစွာသော အနာကပ်ရောက်ခြင်း။

၅။ စိတ္တဝိက္ခေပ = စိတ်ပျံ့လွင့်ခြင်း၊ ရူးသွပ်ခြင်း။

၆။ ရာဇူပသဂ္ဂ = မင်းပြစ် မင်းဒဏ်သင့်ခြင်း။

၇။ ဒါရုဏာဗ္ဘက္ခာန = သူတစ်ပါးတို့၏ ပြင်းထန်စွာ စွပ်စွဲခံရခြင်း။

၈။ ဉာတိ ပရိက္ခယ = ဆွေမျိုးများ ပြုန်းတီးဆုံးရှုံး ပျက်စီးခြင်း။

၉။ ဘောဂပဘင်္ဂံ = စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။

၁၀။ အာဂါရဂ္ဂိ ဒုယှန = နေထိုင်ရာအိမ် လောင်မီးကျခြင်း၊ မီးလောင်ခြင်းတို့ ဖြစ်သည်။

ဆိုအပ်ပြီးသည်ကား ပစ္စုပ္ပန်ဘဝ၌ ခံရမည့် ဒဏ်(၁၀)ပါးဖြစ်၍ တမလွန်လောက၌လည်း ငရဲဘုံသို့ ကျရောက်ရမည် ဖြစ်သည်။

## ခင်ပွန်းကြီး (၁၀)ပါးအား တစ်ပါးချင်းစီ
## ကန်တော့ဝန်ချတောင်းပန်နည်း

### (၁) ဘုရား

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား. . . ဘုရားတပည့်တော်/တပည့်တော်မ သည် ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စုပ္ပန် ဘဝ၌သော်လည်းကောင်း ဘုရားရှင်တို့အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်း ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း ယုတ်မာစွာ ကြံစည်ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်း ဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

ဘုရားတပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော် မူကြပါဘုရား၊ ခွင့်လွှတ်တော်မူကြပါဘုရား၊ ကျေအေးတော်မူကြပါဘုရား။

ယခုအခါ ဘုရားရှင်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စုပ္ပန်၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာ ကို ခံစားရရှိပါစေသတည်း။

## (၂) ပစ္စေကဗုဒ္ဓါ

ဘုရားတပည့်တော်/တပည့်တော်မသည် ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်းရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

ဘုရားတပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါဘုရား၊ ခွင့်လွှတ်တော်မူကြပါဘုရား၊ ကျေအေးတော်မူကြပါဘုရား။

ယခုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

## (၃) ရဟန္တာ

ဘုရားတပည့်တော်/တပည့်တော်မသည် ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း ရဟန္တာ အရှင်မြတ်တို့အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်းရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

ဘုရားတပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါဘုရား၊ ခွင့်လွှတ်တော်မူကြပါဘုရား၊ ကျေအေးတော်မူကြပါဘုရား။

ယခုအခါ ရဟန္တာ အရှင်မြတ်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

## (၄) အဂ္ဂသာဝက

ဘုရားတပည့်တော်/တပည့်တော်မသည် ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း၊ လက်ယာရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲရံ အရှင်မောဂ္ဂလ္လာန်တို့ အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

ဘုရားတပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါဘုရား၊ ခွင့်လွှတ်တော်မူကြပါဘုရား၊ ကျေအေးတော်မူကြပါဘုရား။

ယခုအခါ လက်ယာရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲရံ အရှင်မောဂ္ဂလ္လာန်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

## (၅) မြတ်မိခင်

ရှည်လျားလှစွာ ဘဝသံသရာတို့၌ တော်စပ်ခဲ့သော မိခင်တို့အပေါ်၌သော်လည်းကောင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ မိခင်ကြီး (ဒေါ်.......) အပေါ်၌သော်လည်းကောင်း အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်းရိုင်းစိုင်းယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

တပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူကြပါ။

ယခုအခါ မိခင်တို့အား ဝန်ချ တောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအား သတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

## (၆) မြတ်ဖခင်

ရှည်လျားလှစွာ ဘဝသံသရာတို့၌ တော်စပ်ခဲ့သော ဖခင်တို့အပေါ်၌လည်းကောင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ ဖခင်ကြီး (ဦး.......)အပေါ်၌လည်းကောင်း အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

တပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူကြပါ။

ယခုအခါ ဖခင်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာ ခံစားရရှိပါစေသတည်း။

## (၇) အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်မြတ်

ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စက္ခ ပစ္စုပ္ပန် ဘဝ၌သော်လည်းကောင်း အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်မြတ်တို့အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှား စော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်းရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

တပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူကြပါ။

ယခုအခါ အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်မြတ်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သောစွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

## (၈) ဆရာမြတ်

ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စက္ခ ပစ္စုပ္ပန် ဘဝ၌သော်လည်းကောင်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတည်းဟူသော ဆရာမြတ်တို့အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထို ကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်း ဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

တပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူကြပါ။

ယခုအခါ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတည်းဟူသော ဆရာမြတ်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သောစွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်း စွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

## (၉) ဓမ္မဒေသကပုဂ္ဂိုလ်

ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စက္ခ ပစ္စုပ္ပန် ဘဝ၌သော်လည်းကောင်း ပစ္စုပ္ပန် သံသရာ နှစ်ဖြာကောင်းကျိုး ပွားတိုးစေရန် စိတ်ရည်သန်၍ တရားဟောဖော် ဆုံးမလမ်းညွှန်ပေးသော ဓမ္မဒေသကပုဂ္ဂိုလ်တို့ အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း

ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

တပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူကြပါ။

ယခုအခါ ဓမ္မဒေသကပုဂ္ဂိုလ်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

## (၁၀) ဒါယကာ

ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း မိမိ ဆင်းရဲဒုက္ခ ကြုံတွေ့နေရစဉ်ကာလ၌ဖြစ်စေ၊ အခြားကာလ၌ဖြစ်စေ နေရာထိုင်ခင်း အလုပ်အကိုင် အစားအသောက် ပေးကမ်းကျွေးမွေးစောင့်ရှောက်သော ပုဂ္ဂိုလ်တို့အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

တပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူကြပါ။

ယခုအခါ မိမိ ဆင်းရဲဒုက္ခကြုံတွေ့နေရစဉ် ကာလ၌ဖြစ်စေ၊ အခြားကာလ၌ဖြစ်စေ၊ နေရာထိုင်ခင်း အလုပ်အကိုင် အစားအသောက် ပေးကမ်းကျွေးမွေး စောင့်ရှောက်သော ပုဂ္ဂိုလ်တို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော မှန်သော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်းစွမ်းအားသတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

# ခင်ပွန်းကြီး (၁၀)ပါးအား စုပေါင်း၍ ကန်တော့ဝန်ချတောင်းပန်နည်း

ဘုရားတပည့်တော်/တပည့်တော်မသည် ရှည်လျားလှစွာ ဘဝ သံသရာတို့၌သော်လည်းကောင်း၊ ယခုပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း ဗုဒ္ဓမြတ်စွာ, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အဂ္ဂသာဝက, မိခင်, ဖခင်, အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်, ဆရာသခင် ကျေးဇူးရှင်, ဓမ္မဒေသက, ထောက်ပံ့ပေးသူတို့အပေါ်၌ အသိရှိ၍ဖြစ်စေ၊ အသိမဲ့၍ဖြစ်စေ ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ပြစ်မှားစော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆိုပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ထိုကျူးလွန်ခဲ့သော အပြစ်ကြီး အပြစ်ငယ်များကို ယခုအခါ ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ယုံကြည်စွာဖြင့် ဝန်ခံပါ၏၊ ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏။

ဘုရားတပည့်တော်/တပည့်တော်မအား အစဉ်သနားသဖြင့် သည်းခံတော်မူကြပါဘုရား၊ ခွင့်လွှတ်တော်မူကြပါဘုရား၊ ကျေအေးတော်မူကြပါဘုရား။

ယခုအခါ ဗုဒ္ဓမြတ်စွာ အစဖြာသော ခင်ပွန်းကြီး (၁၀)ပါးတို့အား ဝန်ချတောင်းပန်ခြင်းတည်းဟူသော စွမ်းအားသတ္တိကြောင့် ဆိုးကျိုးပေးဆဲ ဆိုးကျိုးပေးလတ္တံ့သော ပြစ်ဒဏ်တို့သည် ကျေအေးခြင်းစွမ်းအားသတ္တိ သည်းခံခွင့်လွှတ်ခြင်း စွမ်းအား သတ္တိတို့ကြောင့် ယခုကာလ ပစ္စက္ခ၌ပင် ပျက်ပြယ်ရပ်တန့်၍ ကောင်းကျိုးချမ်းသာ သုခအဖြာဖြာကို ခံစားရရှိပါစေသတည်း။

# မိမိအပေါ်၌ ပြစ်မှားထားသူတို့အား
# မိမိက ကျေအေးနည်း

တပည့်တော်/တပည့်တော်မသည် ယနေ့ ခင်ပွန်းကြီး (၁၀)ပါးအား အပြစ်ကြီး အပြစ်ငယ်များကို ထင်စွာ ပြောကြားဝန်ခံ ဝန်ချတောင်းပန်ခြင်း ပြီးပြည့်စုံပြီဖြစ်ပါ၍ တပည့်တော်/တပည့်တော်မအပေါ်၌လည်း ရှည်လျားလှစွာ ဘဝသံသရာတို့၌သော်လည်းကောင်း ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း အသိရှိ၍ဖြစ်စေ အသိမဲ့၍ဖြစ်စေ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှား စော်ကားခြင်း ရှိခဲ့ပါလျှင် ကျေးဇူးကန်းခြင်း ရှိခဲ့ပါလျှင် ကျေးဇူးချေဖျက်ခြင်း ရှိခဲ့ပါလျှင် ကျေးဇူးမေ့လျော့ခြင်း ရှိခဲ့ပါလျှင် ကြမ်းတမ်း ရိုင်းစိုင်း ယုတ်မာစွာ ကြံစည် ပြောဆို ပြုမူဆောင်ရွက်မှုများ ရှိခဲ့ပါလျှင် ၎င်းတို့က တောင်းပန်ဝန်ချ သည်ဖြစ်စေ၊ ဝန်ချတောင်းပန်ခြင်း မပြုသည်ဖြစ်စေ တပည့်တော်/ တပည့် တော်မက သည်းခံပါ၏၊ ခွင့်လွှတ်ပါ၏၊ ကျေအေးပါ၏။

ဤသည်းခံခွင့်လွှတ် ကျေအေးခြင်း စွမ်းအားသတ္တိကြောင့် တပည့်တော်/ တပည့်တော်မအပေါ်၌ ပြစ်မှားထားသူတို့သည် ဘေးရန်မကျ ချမ်းသာကြပါ စေသတည်း။ ဆင်းရဲမခ ချမ်းသာကြပါစေသတည်း။ အလိုဆန္ဒ ပြည့်ဝကြပါစေ သတည်း။ ဉာဏ်ပညာ ကြီးမားး၍ အများအလယ်တွင် တင့်တယ်ကြပါစေ သတည်း။ ဂုဏ်သတင်း ကျော်ကြား၍ ချစ်ခင်ကူညီစောင့်ရှောက် ဖြည့်ဆည်း သူများ ပေါ်များကြပါစေသတည်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ရည်သန်တောင့်တ ရောက်ရှိအောင်မြင်ကြပါစေသတည်း။

မင်းကွန်းတိပိဋကဆရာတော်ကြီး၏

# မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း (၁၁)နည်း

(အားလုံးသံပြိုင်ရွတ်ဆိုရန်)

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်–တို–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး–ငယ်–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ–ကြုံ–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

-------------

# အမျှဝေ

တပည့်တော်/တပည့်တော်မသည် ခင်ပွန်းကြီး (၁၀)ပါးနှင့် အကြောင်းစပ်၍ ဆိုးကျိုးများမှ လွတ်မြောက်လိုသော အကျိုးအလို့ငှာ တပည့်တော်/တပည့်တော်မ ကျူးလွန်ပြစ်မှားခဲ့သော အပြစ်ကြီး အပြစ်ငယ်တို့အား အဓိဋ္ဌာန်ထား၍ ဝန်ချတောင်းပန်ခြင်း ဤနေ့အတွက် ပြီးပြည့်စုံပြီဖြစ်၍ အကျွန်ုပ်တွင် ရရှိထားသမျှ ကောင်းမှုကုသိုလ် အကျိုးများအားလည်းကောင်း၊ ခင်ပွန်းကြီး (၁၀) ပါးတို့က ကျေအေးခွင့်လွှတ်ခြင်း အလုံးစုံစွမ်းအားသတ္တိတို့မှ ရရှိသော ကုသိုလ်အကျိုးများအားလည်းကောင်း၊ တပည့်တော်/တပည့်တော်မနှင့်အတူ ၃၁ ဘုံရှိ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ထပ်တူထပ်မျှ ခံစားရရှိစေလိုသော ဆန္ဒဖြင့် ဝမ်းမြောက်ဝမ်းသာ အမျှပေးဝေပါကုန်၏။ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြသည်၊ ဝမ်းသာကြသည်၊ လမ်းဖြာကြသည် ဖြစ်ကြပါစေသော်။

အားလုံး– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

အားလုံး– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

အားလုံး– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

---------

# ဆုတောင်းပါဠိနှင့်နိဿယ

**က္လာဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။**

**က္လာဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**

**က္လာဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု။**

**က္လာဒံ မေ ပုညံ နဝလောကုတ္တရဿ ဓမ္မဿ ပစ္စယော ဟောတု။**

၁။ **မေ**– ဘုရားတပည့်တော်၏။ **က္လာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **အာသဝက္ခယံ၊** ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ တည်းဟူသော အာသဝေါတရားလေးပါးတို့၏ကုန်ရာ နိဗ္ဗာန်ကို။ **ဝဟံ–ဝဟန္တော၊** ရွက်ဆောင်နိုင်သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၂။ **မေ**– ဘုရားတပည့်တော်၏။ **က္လာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နိဗ္ဗာနဿ၊** ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်၏။ **ပစ္စယော၊** မျက်မှောက်ပြုနိုင်ပါရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၃။ **မေ**– ဘုရားတပည့်တော်၏။ **က္လာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **ဗောဓိဉာဏဿ၊** ဗောဓိဉာဏ်တော်မြတ်၏။ **ပစ္စယော၊** ရရှိပါစေကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၄။ **မေ**– ဘုရားတပည့်တော်၏။ **က္လာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နဝ လောကုတ္တရဿ ဓမ္မဿ၊** မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ကိုးပါးသော လောကုတ္တရာ တရားတို့အား။ **ပစ္စယော၊** ရရှိရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

---------

# နတ်ပြဟ္မာများအား ပြန်ပို့ရန် ဂါထာ

**တွေ္တာဝတာ စ အမေ့ဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။**
**သဗ္ဗေ ဒေဝါ'နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။**
**ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။**
**ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။**

**တွေ္တာဝတာ၊** ဤမျှကြိုးကုတ် စွမ်းအားထုတ်၍ မယုတ်စေရ ပြုလုပ်ရသဖြင့်လည်း။ **အမေ့ဟိ၊** ခင်ပွန်းကြီး(၁၀)ပါး ကန်တော့ခြင်းတည်းဟူသော ကုသိုလ်တရား ပွားများပြုလုပ် အကျွန်ုပ်တို့သည်။ **သမ္ဘတံ၊** ယခုအေးမူ နောင်ကျွေးပြု၍ တွေးရှု ရည်စူး ဖြည့်ဆည်းအပ်သော။ **ပုညသမ္ပဒံ၊** အပေါင်းစုမြှုပ် ကောင်းမှုထုပ်၍ မယုတ်မယွင်း ပြည့်စုံခြင်းကို။ **သဗ္ဗေ၊** ရှိန်ဝါတောက်လင်း နောက်ပါသင်းတို့နှင့် ခပင်းဥသုံ အလုံးစုံကုန်သော။ **ဒေဝါ၊** စကြဝဠာသောင်းတိုက် ပေါင်းတဝိုက်မှ ရောက်ဆိုက်လာငြား နတ်ပြဟ္မာအများတို့သည်။ **အနုမောဒန္တု၊** ကြည်လင်မနော ဘဝင်ဖော ဖြင့် လျှင်ဆောဝမ်းမြောက်ကြပါစေကုန်သတည်း။

**သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊** လူ နတ် နိဗ္ဗာန် အကျိုးမှန်ကို မျိုးခံနှီးရင်း ပြီးစီးခြင်းငှာ။ **သဒ္ဓါယ၊** ကံကြောင့်အကျိုး မထောင့်ညှိုးဟု ဖြောင့်ရိုးစွဲကပ်အမြဲ မှတ်သဖြင့်။ **ဒါနံ၊** နည်းသည်များသည် ခြားမရည်ဘဲ ရွှင်ကြည်မြတ်နိုး ဒါနမျိုးတို့ကို။ **ဒဒန္တု၊** သူတော်ရဟန်း ရည်မျှော်မှန်း၍ လှူဒါန်းတော်မူနိုင်ကြပါစေကုန်သတည်း။ **သီလံ၊** ပဉ္စ အဋ္ဌ ဒသင်္ဂဟု ကိုယ်မှမချွတ် ကျင့်ခါးဝတ်ကို။ **သဗ္ဗဒါ၊** နှစ်, လ, တွက်မှတ် ရက်မပြတ်အောင်။ **ရက္ခန္တု၊** မကျားမပြောက် အမှားမရောက်အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။ **ဘာဝနာဘိရတာ၊** သမထ ဝိပဿနာ ချက်နှစ်ဖြာကို ဆက်ကာနေ့ည မွေ့လျော်ကြကုန်သည်။ **ဟောန္တု၊** ဖြစ်ကြပါစေကုန်သတည်း။ **အာဂတာ၊** အများညီညာ တရားနာဟု ထားကာစွဲစိတ် ခဲအကျိတ်နှင့် တွဲမိတ်စုဆုံ ရောက်လာကြကုန်သော။ **ဒေဝတာ၊**

အကြောင်းဆက်ကာ သောင်းစကြာက ရောက်လာကြသောင်း နတ်ပြဟ္မာအပေါင်းတို့သည်။ **ဂစ္ဆန္တု**။ ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်ကန်တော့ပွဲ ပြီးကုန်စဲမို့ နေမြဲရပ်ဘုံ ပြန်တော်မူကြပါကုန်လော့။

---------

# နှိုးဆော်ပန်ကြားလွှာ

ဤစာအုပ်ကို အများပြည်သူသို့ ဖြန့်ဝေလှူဒါန်းလျက်ရှိပါသည်။ ဤသို့လှူဒါန်းရာတွင် ဖြန့်ဝေလှူဒါန်းနိုင်မှုအပေါ် မူတည်၍ ခင်ပွန်းကြီး(၁၀)ပါး ပူဇော်ကန်တော့သူတို့ အရေအတွက် ပိုမိုများပြားလာပြီး ပြည်သူများအားလုံး ပူဇော်ကန်တော့ခြင်းဖြင့် ဘုန်းကံကျက်သရေမင်္ဂလာများ တိုးပွားခြင်း၊ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ကြံစည်လုပ်ဆောင်သမျှ အောင်မြင်ခြင်းစသော လောကီအကျိုးများနှင့် တရားထူး တရားမြတ်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လွယ်ကူလျင်မြန်စွာ ရရှိခြင်းဟုဆိုအပ်သော လောကုတ္တရာအကျိုးများ ရရှိရေးအတွက်ပါ အဆင်ပြေစေကြမည်ဖြစ်ပါသည်။

ဤစာအုပ်ကို မိမိကိုယ်တိုင် လှူဒါန်းလိုပါက လိုအပ်သော စာအုပ်အရေအတွက်ကို မှာကြားနိုင်ပါကြောင်းနှင့် မှာကြားသည့်အရေအတွက်များကို ထုတ်ဝေပေးမည် ဖြစ်ပါသည်။ ဤဝန်ကြီးဌာနမှ တစ်ဆင့် လှူဒါန်းပေးစေလိုပါကလည်း သက်ဆိုင်ရာ လှူဒါန်းသင့်သည့်နေရာများသို့ ကူညီဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများရှိပါက –

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

| | |
|---|---|
| အမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၅၀၆ |
| | ၀၆၇ ၃၄၀၈၄၄၁ |
| | ၀၉ ၅၁၀၆၂၇၄ |
| ဒုတိယအမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၀၀၈ |
| | ၀၉ ၄၄၀၇၉၂၃၉၉ |

သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဤစာအုပ်ကို အလွယ်တကူ ပြန်လည်ကူးယူနိုင်ရန်အတွက်– www.mahana.org.mm, www.mora.gov.mm, www.dra.gov.mm, www.dpps.gov.mm, www.kbrl.gov.mm, ww.itbmu.org.mm, သာသနာရေးဆိုင်ရာ ဝက်ဘ်ဆိုက်ခြောက်ခုတို့တွင်လည်း download ဖြင့် ကူးယူ၍ ပူဇော်ဖြန့်ဝေနိုင်ပါသည်။